
# နှင်လားဟဲ့ ဂျပန် (၆)

● မီအိုက အိအိချော

ယခင်လမှအဆက်





CamScanner



မြေအောက်ထဲမှာ အထပ်အထပ်ပေါင်းများစွာ ယှက်သွယ်၍ဆောက်ထားသည့် ဘူတာရုံများ၊ ရထားလမ်းများ နေ့စဉ်သွားလာနေသည့်သူများ အစစအရာရာအဆင်ပြေစေဖို့ လိုလေသေး မရှိအောင် ဘက်စုံထောင့်စုံမှ ဖြည့်ဆည့်တွေးပေးထားသည့် လုပ်ဆောင်ပေးထားမှုများ အဆောက်အအုံတွေကအစ အသေအချာ ခိုင်ခိုင်မာမာ သပ်သပ်ယပ်ယပ်နှင့် စည်းစနစ်ကျကျ တည်ဆောက်ထားခြင်းကို မြင်ရုံနှင့်သိနိုင်ပါသည်။ ဆိုင်တိုင်းဆိုင်တိုင်းကို ကြည့်လိုက်ပြန်ရင်လည်း အပြိုင်အဆိုင်ပြင်းထန်ကြသည့်အတွက် သူ့ထက်ငါ လုပသန့်ရှင်းသပ်ယပ်ပြီး ဝန်ဆောင်မှုကောင်းအောင် ကိုယ့်ဆိုင် ရေရှည်အသက်ဆက်ရှင်သန်နိုင်အောင် အကောင်းဆုံး ပြယုဂ်များကိုထုတ်၍ ဆွဲဆောင်ကြရသည်။ သူတို့ဆိုင်ကိုလာကြသည့် ဧည့်သည်များကိုလည်း နွေးထွေးလှိုက်လှဲပျူငှာစွာကြိုဆို၍ နောက်တစ်ကြိမ် ထပ်လာချင်လာအောင် လာတုန်းလေးအခိုက်မှာ သူတို့အကြိုက်နှင့် သူတို့အဆင်ပြေစေရေးကို အဘက်ဘက်မှ အသေးစိတ်စဉ်းစားပြီးအကောင်းဆုံးဝန်ဆောင်မှုများကို ပေးအပ်ကြရသည်။ သည်လိုမှမဟုတ်ရင်တော့ သူတို့ဆိုင် အသက်ဆက်ရှင်သန်ဖို့က မလွယ်ကူလှကြောင်းကို နားလည်ထားကြသည့်အတွက်ကြောင့်လည်းပဲဖြစ်ပါသည်။


နောက်တစ်ခုကတော့ ဂျပန်တွေဆီက ဘယ်အရာမှ လွယ်လွယ်ကူကူမရပါ။ ခက်ခက်ခဲခဲနှင့် အသေအလဲ ကြိုးစားမှသာရနိုင်မည်ဖြစ်ပါသည်။ ပေးထားသည့်လစာကအစ တစ်နာရီလုပ်ခလစာမြင့်လျှင်မြင့်သလို အသေအလဲ လုပ်ရတာမျိုး၊ သူတို့ပေးထားသည့်လစာနှင့် သူတို့လုပ်ခိုင်းသည့် အလုပ်ကြားမှာ ရောက်ရမည့် Target ကို Balance သေချာချိန်ထားပြီးသား ဂက်အုသေချာကြပ်ထားပြီးသား၊ ဒါတင်မကသေး သူတို့လူမျိုးများတစ်ဘက်သား၏စိတ်ပိုင်းဆိုင်ရာကိုကြည့်ပြီး အကဲခတ်သည့်နေရာမှာလည်း အင်မတန်တော်သည်ဆိုတော့ သူတို့ဆီကယုံကြည်မှုနှင့် အသိအမှတ်ပြုမှု၊ စစ်မှန်သော ခင်မင်ရင်းနှီးမှုမျိုးကို အမှန်တကယ်ရရှိနိုင်ဖို့က မလွယ်ရေးချ မလွယ်လှပါ။

သည်တော့အောင်စံဆီက ထိုစကားမျိုးကြားရသည်မှာ ကျွန်မအတွက်အားတက်ဖွယ်။

ကျွန်မကပြောပါသည်။ အောင်စံရေ ငါတစ်သက်လုံးမှာ ငါ့ဝါသနာငါ့ဆန္ဒနှင့်ကိုက်ညီပြီး ငါကိုယ်တိုင်က စိတ်ပါလက်ပါနှင့် လုပ်ချင်တဲ့အလုပ်မျိုးကိုပဲ ရွေးချယ်ပြီးလုပ်ခဲ့တာ ပြီးရင်ငါ့ကိုအဲဒီအလုပ်တစ်ခုမှာ မရှိမဖြစ်လိုအပ်တယ်ဆိုတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာအောင် ငါ့မှာ ရှိတဲ့ အစွမ်းအစတွေကို အကောင်းဆုံးအသုံးချတယ်။ အဲဒီအလုပ်အပေါ်မှာ ကိုယ်ဘယ်လောက်နစ်သက်မြတ်နိုးသလဲဆိုတဲ့ အတိုင်းအတာ တစ်ခုအပေါ်မှာ မူတည်ပြီး ဘဝတစ်ခုလုံးကိုနှစ်မြုပ်ပြီး လုပ်လိုက်ဖို့ ရွေးချယ်လိုက်ပြီဆိုရင်တော့ ဘယ်လိုအနစ်နာခံမှုမျိုးကိုပဲဖြစ်ဖြစ်၊ ဆုံးရှုံးမှုမျိုးကိုပဲဖြစ်ဖြစ်၊ ဆိုးဝါးတဲ့ အခက်အခဲတွေကိုပဲဖြစ်ဖြစ် ငါရင်ဆိုင်တယ်။ သည်းခံနိုင်တယ် ပေးဆပ်နိုင်တယ်။ သည်လိုမှ ရှင်သန်ခွင့် မရနိုင်ဘူးဆိုရင်

တော့ ဘယ်လောက်ပဲ ကြီးမြတ်တဲ့အရာမျိုးကြီးပဲ ဖြစ်နေပါစေ။ ငါပြတ်ပြတ်သားသားနဲ့ပဲ ငြင်းဆန်ခဲ့သူပါ။ ပြီးတော့ ပုံမှန်သမားရိုးကျ အလုပ်မျိုး နေ့တဓူဝအပြောင်းအလဲမရှိ တသမတ်တည်း လုပ်နေရတဲ့အလုပ်မျိုး အသစ်အသစ်စိန်ခေါ်မှုတွေ မရှိတဲ့နေရာမျိုးတွေမှာလည်း ငါငြီးငွေ့လွယ်လို့မလုပ်ချင်ဘူး။ ဒါကြောင့်အခုကိစ္စမှာ ငါမလုပ်နိုင်လို့ဆိုပြီး အရှုံးပေးပြီးထွက်သွားတာမျိုး မဟုတ်ပါဘူး။ ငါဘယ်တော့မှ စားသောက်ဆိုင်မှာ Hallru Staffu အဖြစ်နဲ့ မလုပ်တော့ပေမယ့်လို့ အဲဒီအလုပ်နဲ့ပတ်သက်ပြီးတော့ ငါ့မှာ ပညာတွေအများကြီးရလိုက်ပါတယ်။ ငါဘာမဆို လုပ်နိုင်တယ်လို့ အရင်က ကိုယ့်ကိုယ်ကို မာန်တက်ခဲ့မိသမျှ ငါမလုပ်နိုင်တာတွေအများကြီး ကြိုးစားဖို့လိုနေသေးတာတွေလည်းအများကြီးနဲ့ အလုပ်ထဲမှာ အောင်မြင်အောင်လုပ်ဆောင်နေတဲ့ နင်တို့တွေရဲ့ တွေးခေါ်မြော်မြင်ဆုံးဖြတ်မှု လုပ်တုံးလုပ်နည်းတွေက ငါ့အတွက်တော့အတုယူစရာပါ။ ဒါတွေကိုသယ်ဆောင်ပြီး ငါ့ဘဝထဲမှာ သေချာအသုံးချလို့ ငါအရင်ကထက်ပိုပြီး ငါ့ကိုယ်ငါ အသေအချာ တည်ဆောက်သွားမှာပါ။

ငါ့အတွက်တော့ သည်အလုပ်ကို လုပ်နေမှ နင်တို့သင်ပေးလိုက်တဲ့ပညာရပ်တွေကို အသုံးချလို့ရမယ်လို့ လုံးဝမတွေးပါနဲ့ အောင်စံရေ။ တကယ်တော့နင်နဲ့ တန်းချောသင်ပေးလိုက်တဲ့ အလုပ်တစ်ခုအပေါ်မှာ စဉ်းစားပုံစဉ်းစားနည်းနဲ့ လုပ်နည်းကိုင်နည်းတွေကိုသာ ငါ့အမြဲ အမှတ်ရနေပြီး လိုက်နာကျင့်သုံးနေမယ်ဆိုရင် ငါ့ဘဝအတွက် အကျိုးအမြတ်တွေများကြီးကို ဖြစ်ထွန်းစေမယ်ဆိုတာကို နင်ယုံကြည်စွာနဲ့ ငါ့ကို နားလည်ပေးပါလို့။ တစ်ခုလောက်တော့ ငါပြောပြချင်ပါတယ်။ နင်တို့ဂျပန်လူမျိုးတွေ ဘာကြောင့်



သတ်သေကြတဲ့နှုန်း မြင့်နေကြသလဲဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ပေါ့။ Gaman (သည်းခံခြင်း) ဆိုတဲ့စကားကိုတွင်တွင်သုံးပြီး ကိုယ့်စိတ်ကိုယ်ကိုယ် အဆမတန်သည်းခံနိုင်းပြီး ကိုယ်နေမပျော်တဲ့အလုပ်ခွင်နှင့်ဘဝတွေထဲက အချိန်မီပြတ်ပြတ်သားသားနှင့် ငြင်းဆန်ပြီး ကျောခိုင်းဖို့ကိုလည်းမစဉ်းစား။ ဘယ်လောက်ပဲ မနှစ်သက်ပေမယ့်လို့ အလုပ်တစ်ခုထဲဝင်မိလိုက်ပြီဆိုရင် သည်းခံပြီး အနည်းဆုံးတော့ နှစ်နှစ်လောက်တော့ လုပ်ကြတယ်ဆိုပြီး ဂျပန်လူမျိုးတစ်ယောက်က ပြောဖူးပါတယ်။ သည်လိုမှမဟုတ်ရင် မင်းဂျပန်မဟုတ်ဘူးလားပေါ့။ သည်လိုနှင့်ပဲ ကိုယ့်ရဲ့စိတ်တွေကိုကိုယ်ပြန်သော့ခတ်အကျဉ်းချ၊ နေ့တစ်ရူဝတင်းကြပ်တဲ့စည်းမျဉ်းစည်းကမ်းတွေ၊ မဖြစ်မနေထမ်းဆောင်ကြရတဲ့ အခွန်တွေနှင့် ဝန်တွေကြားထဲမှာ ကမ္ဘာ့ကိုတွင်း ပြင်းထန်တဲ့ပြိုင်ဆိုင်မှုနှင့်စွမ်းဆောင်နိုင်မှု အကဲဖြတ်ခံရမှုတွေကြားထဲမှာ စိတ်ရောကိုယ်ပါ ဖိစီးမှုတွေနှင့် တောင်းတောင်းကျေလို့ နောက်ဆုံးတော့ ထွက်ပေါက်ကို ရှာမတွေ့ကြတဲ့အဆုံးမှာတော့ အရှိန်ပြင်းပြင်းနှင့်မောင်းလာတဲ့ရထားရှေ့ကို ခုန်ဆင်းချလိုက်ပြီး ကိုယ့်ကိုယ်ကို ဇာတ်သိမ်းလိုက်ကြခြင်းနှင့်အတူ ချုပ်ငြိမ်းပစ်လိုက်ကြတယ်ပေါ့။

ဒီလိုဖြစ်စဉ်မျိုးကိုကြားရင် နင်တို့လူမျိုးတွေကတော့မထူးဆန်းတဲ့ကိစ္စတစ်ခုအဖြစ်နှင့်မျက်ခုံးပင့်ကြည့်လိုက်မယ် ဒီလောက်ပဲပေါ့။

ငါကတော့ရခဲလှတဲ့ လူ့ဘဝကြီးထဲမှာ ဒီလိုအသက်ရှင်နည်းမျိုးနှင့် ဘယ်နည်းနှင့်မှ မနေနိုင်ဘူးလေ။

ဒါကြောင့်ငါထွက်ခွာသွားတာပါ။ ကျွန်မစကားဆုံးတော့ အောင်စံက တစ်ခွန်းမှ မပြောပဲ အချိန်အကြာကြီး ငြိမ်သက်စွာ စဉ်းစား



နေပြီးမှပြောသည်။ နင့်လိုမျိုးငါလည်းလုပ်နိုင်ရင် သိပ်ကောင်းမှာပဲတဲ့။ ကျွန်မ ဘယ်လိုပြန်ပြောရမည်မှန်း မသိပါ။ ကျွန်မကိုမေးလာခဲ့ရင်တော့ သည်လိုလေး ပြန်ဖြေလိုက်မှာဖြစ်ပါသည်။ အဲဒါများ လွယ်လွယ်လေး ရပ်တန့်လိုက်ပြီး အသစ်ကနေပြန်စလိုက်ပေါ့။ ဒါပေမယ့် အဲဒီအတွက် နင့်မှာနင့်ရဲ့ရွေးချယ်မှုအတွက် ဘာကိုမှ ဂရုမစိုက်တဲ့ လွတ်လပ်မှုတစ်ခုရယ် ကိုယ့်ရဲ့ဆုံးဖြတ်ချက်တစ်ခုကြောင့် ကြုံလာသမျှ အခက်အခဲဒုက္ခတွေကို ကြံ့ကြံ့ခံရင်ဆိုင်ရဲတဲ့သတ္တိတစ်ခုရယ် ရှိဖို့ပဲလိုတာပါလို့။

အဲသည်ညမှာ စကားပြောကောင်းနေလိုက်တာ နာရီကြည့်လိုက်တာ့ ဆယ့်နှစ်နာရီ ၂၀ မိနစ်။ အသည်းအသန်နှင့် ဖုန်းထဲမှာ လိုက်ရှာကြည့်လိုက်တော့ ဘူတာသုံးခုလောက်မှာ ပြန်လို့ရနိုင်သည့် ရထားလိုင်းသုံးလိုင်းလောက်က တစ်ခုမှမမီတော့။ အလုပ်ပြီးတာကပဲ ဆယ့်တစ်နာရီဆိုတော့ ကျွန်မတို့ စားရင်းသောက်ရင်းနှင့် စကားပြောလိုက်တာ သည်လောက်တော့ ကြာသွားနိုင်မည်ဟု မထင်လိုက်မိခဲ့။

သည်တော့ အောင်စံက ဘူတာရှေ့မှာ ရပ်ထားသည့် တက္ကစီတစ်စင်းကို တားလိုက်ပြီး ကျွန်မကိုပြောသည် ကဲ... သည်တစ်လမ်းပဲ ရှိတော့တယ် အိစံရေ နင်ပြောပြောနေသလိုမျိုး လမ်းလျှောက်ပြန်လို့ရနိုင်တဲ့ ခရီးမျိုးမဟုတ်တော့



ဘူးဆိုတော့။ ကျွန်မက ဒါဆိုလည်း ငါ့ဘာသာ ပြန်ပို့ပါမယ် နင်လိုက်မပို့ပါနဲ့ဟုပြောတော့ ငါ့မှာ တာဝန်ရှိတယ် နင် အိမ်ကိုဘေးကင်းကင်းနဲ့ ပြန်ရောက်ဖို့က။ ဒါဆိုနင်ကရော ဘယ်လိုပြန်မှာတုန်းဆိုတော့ ငါကရတယ်ဘယ်လိုပြန်ပြန်။ သည်လိုနှင့်ကားဆရာကို ကျွန်မစက်ဘီးအပ်ထားသည့် နေရာအရောက် ပို့ခိုင်းခဲ့သော်လည်း တစ်နာရီထိုးသွားပြီဖြစ်သောကြောင့် မီးများမှိတ်ထားသည့် အဆောက်အအုံလေးကသာ ကျွန်မကိုစောင့်ကြိုနေပါတော့သည်။

အဆောင်အထိ လမ်းလျှောက်ပြန်လို့ဖြစ်ပါတယ်ဟု ကျွန်မငြင်းတော့လည်း ငါလိုက်ပို့ပေးမယ်ဟုပြော၍ အဆောင်ရှေ့အထိ ရအောင်လိုက်ပို့ပေးရှာပါသည်။ ကျွန်မနှင့်သူစကား တစ်ပြောပြောနှင့် လမ်းလျှောက်ပြန်လာချိန်မှာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတစ်ယောက်လို တစ်ယောက်နှင့်တစ်ယောက်ပိုမို၍ ခင်မင်ရင်းနှီးသွားကြသလို ခံစားလိုက်ရပါသည်။ ကျွန်မက ပြောသည်။ ငါလွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က မြန်မာနိုင်ငံမှာရှိနေတုန်း ဂျပန်လူမျိုး ယောကျာ်းလေး သူငယ်ချင်းတစ်ယောက်နှင့် အခုလို ညကြီးသန်းခေါင်မျိုး လမ်းလျှောက်ပြန်ခဲ့ရဖူးတယ်ဆိုတော့ အောင်စံက တအံ့တသြနှင့်မေးသည်။ နောက်တစ်နေ့မနက်မှာ သူမြန်မာနိုင်ငံကနေထွက်ခွာသွားရတော့မယ့်အချိန် သူ့အလုပ်ကနေထွက်ပြီး မြန်မာနိုင်ငံကနေ ထွက်မသွားဖို့ကို ငါကသူ့ကိုနားလည်လို့ အတန်တန်တားနေတဲ့ကြားထဲက သူထွက်သွားဖို့ဆုံးဖြတ်ချက်ချလိုက်တာ။ ဘာကြောင့်လည်းဆိုတော့ သူကမြန်မာနိုင်ငံကိုလည်း အရမ်းနှစ်သက်တယ် သူ့ရဲ့ သည်နိုင်ငံမှာ လုပ်နေရတဲ့ အလုပ်ကလေးအပေါ်မှာလည်း စိတ်ရောကိုယ်ပါနှစ်ပြီး ပျော်ပျော်ရွှင်ရွှင်နှင့်လုပ်နေတာ။ နောက်တော့ သူ့ရဲ့ဆုံးဖြတ်ချက်



CamScanner



မှားသွားပြီဆိုတာကို အားလုံးပြင်ဆင်ပြီးလို့ ထွက်သွားရတော့မယ့်ညမှကိုယ့်ကိုယ်ကိုသိလိုက်ရချိန် မဖြေနိုင်မဆည်နိုင်တွေဖြစ်ပြီး သူ့အရမ်းကို ကြေကြေကွဲကွဲခံစားလိုက်ရတယ်။ ငါနှင့်ကအလုပ်ထဲမှာ ရန်ဖြစ်ရင်လည်းအသေအလဲ တည့်လိုက်ကြရင်လည်း ထမင်းတစ်ပန်းကန်နှစ်ယောက်စားကြတဲ့အထိ ခင်ကြတဲ့ကုမ္ပဏီထဲက လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေလေ။ သူဖုန်းဆက်တော့ ငါစိုးရိမ်တကြီးနှင့်ထွက်လာခဲ့ပြီး နှစ်သိမ့်လိုက်တာ ငါတို့နှစ်ယောက် ဦးဝိစာရလမ်းဆိုတဲ့လမ်းမကြီးပေါ်မှာ ရွှေတိဂုံဘုရားဆိုတဲ့ ငါတို့နိုင်ငံက အထွတ်အမြတ်ထားတဲ့ ဘုရားကြီးဆီကို မျက်နှာမူပြီး လမ်းလျှောက်ရင်း စကားတွေပြောကြတာ။ ညဆယ့်နှစ်နာရီကျော်သွားလိုက်လို့အဆောင်ရှင်ကို တောင်းပန်လိုက်ရတယ်။ ကံကောင်းလို့ပေါ့ မိနစ်နှစ်ဆယ်လောက်ခြံအပြင်ကနေနှိုးလိုက်တာရလို့သာပေါ့။ အဲဒီတုန်းက သူနှင့်လည်း သူကငါ့ကို အခုလိုမျိုး အဆောင်ရှေ့အထိ တက္ကစီနှင့်လိုက်ပို့ပေးခဲ့တာ ဆိုတော့အောင်စံမေးသည်။ နှင်စကားပြောရင် သူငယ်ချင်းဆိုတဲ့စကားကို အရမ်းသုံးတယ်နော် ငါ့ကိုလည်း သူငယ်ချင်းလို့ပဲ နှင်အမြဲသုံးတယ်။ အင်းလေ ငါ့ဘဝမှာ သူငယ်ချင်းဆိုတဲ့ ဝေါဟာရကို အရမ်းနှစ်သက်တယ်။ လူတစ်ယောက်နှင့် တစ်ယောက်ကြားမှာ ဖြူစင်သန့်ရှင်းတဲ့ ခင်မင်မှုတွေနှင့် ကောင်းတူဆိုးဖက်အတူရင်ဆိုင်သွားနိုင်တဲ့ ဆက်နွယ်မှုလိုမျိုး ဘယ်လောက်များကောင်းလိုက်သလဲလို့။

ကျွန်မပြောတော့ သူခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပါသည်။

နောက်ဆုံး အဆောင်ရှေ့ကိုရောက်လာချိန် Oyasuminasai ဟုနှုတ်မဆက်မီ သူက ကျွန်မကို ပြောပါသည်။ အိစံ နှင့်လိုမိန်းကလေးမျိုးကို ငါပထမဆုံး မြင်ဖူးတာ။ တော်တော်ထူးဆန်းတာပဲ။ ပြီးတော့နှင်ပြောပြောနေတဲ့ မြန်မာဆိုတဲ့ လူမျိုးနှင့်တိုင်းပြည်ကိုလည်း ငါစိတ်ဝင်စားတယ်။ နောက်လည်း ငါတို့ခင်ခင်မင်မင်နေသွားကြတာ



CS CamScanner

ပေါ့နော်။ နင်ပြောတဲ့ သူငယ်ချင်းအဖြစ်နှင့်ပေါ့။

ကျွန်မလွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်မိပါသည်။ အသေအချာပေါ့ အောင်စံရေ။ ကဲ လမ်းမှာသတိထားပြီးပြန်ပါနော်။ နောက်တစ်နေ့မနက်မှာ နင်အိမ်ကို ပြန်ရောက်မရောက် ငါ Message ပို့ပြီးသတင်းမေးပါ့မယ်။ ဒီနေ့အဖို့တော့ တကယ့်ကို ကျေးဇူးတင်ပါတယ်။

အဲသည်ညမှာ ကျွန်မနစ်မြိုက်စွာအိပ်ပျော်သွားခဲ့ပါသည်။ အိပ်မက်လေး တစ်စတောင်မှ မမြင်မက်ခဲ့ပါ။ နောက်တစ်နေ့မနက်ခင်းလေးမှာ ကျွန်မဘူတာရုံသို့ စက်ဘီးလေးနှင့် ထွက်ခဲ့ပါသည်။ အဆောင်နားက ပန်းခြံလေးရှေ့မှာ ပန်းလေးတွေ လှလှပပဖူးပွင့်နေတာ မြင်ရတော့ ထုံးစံအတိုင်း ဓာတ်ပုံလေးတွေရိုက်ရင်း အောင်စံဆီကို Message လှမ်းပို့ပါသည်။

Ohayougozaimasu မင်္ဂလာ နံနက်ခင်းလေးပါ အောင်စံရေ။ မနေ့ကည အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်။ ဒါနှင့်နင်အိမ်ကိုရော ချောချောမောမောနှင့် ပြန်ရောက်ရဲ့လား။ အေး ငါမနက်ခြောက်နာရီမှာ ပြန်ရောက်တယ် အိစံရေ။ မင်္ဂလာနံနက်ခင်းပါ။

ကျွန်မဘူတာထဲမှ စီထပ်ထားသည့် Townworkစာအုပ်ကလေးကိုယူပြီးပြန်ထွက်လာခဲ့ပါသည်။ အခုလောလောဆယ်မှာတော့ Seven Eleven မှာ အလုပ်ကလေးကရှိနေသေးတော့ သိပ်ပူစရာတော့မရှိပါ။ သို့သော် ထိုအလုပ်မှာလည်း ဘယ်လိုမျိုးကြုံရဦးမည်ဆိုတာက ကိုယ်သေချာမသိနိုင်။ သည်တော့ ရံထားသည့်အနေဖြင့် နောက် အလုပ်သစ်တစ်ခုကို ထပ်ရှာရပါဦးမည်။ စာရွက်များကိုလှန်ကြည့်လိုက်တော့ Hallru Staffu စားသောက်ဆိုင်ဝန်ထမ်းတွေကို ခေါ်ထားသည့် စာမျက်နှာတွေက များမှများ။ ကျွန်မတစ်ရွက်ပြီးတစ်ရွက် ကျော်ပြီး လှန်ပစ်လိုက်ပါတော့သည်။

